# About **ermha**

Burmese



**Ermha ကို မည်သူ သုံးသနည်း။**

Ermha ၏ဝန်ဆောင်မှု ကိုသုံးသောလူများမှာ ကမ္ဘာတစ်ဝန်းမှ လာကြပါသည်။ ကျွန်ုပ်တို့ ထောက်ပံ့ပေးသည့် လူအများစုသည် စိတ်ဆင်းရဲမှု ကြုံတွေ့နေရပြီး ဒြစတြေးလျနိုင်ငံသို့ လတ်တလော ရောက်ရှိလာကြသော လူအများအပြားအတွက် စစ်မက်နှင့် ကိုယ်စိတ်ဒဏ်သင့်မှု ကြုံတွေ့ကြခြင်းကြောင့် သူတို့၏အခြေအနေသည် ပို၍ဆိုးဝါး ပါသည်။

**Ermha သည် ဘာလုပ်ပါသလဲ။**

မိသားစုများနှင့် အသိုင်းအဝိုင်းများသည် မည်ကဲ့သို့ ကိုယ်ရေးကိုယ်တာ စိတ်ဆင်းရဲမှုများကို တုံ့ပြန်သည်မှာ ယဉ်ကျေးမှုများ အကြား ကွဲပြားခြားနားကြကြောင်း Ermha ကနားလည်ပါသည်။ ဤကွဲပြားခြားနားမှုများကို ကျွန်ုပ်တို့ လေးစားပြီး လူများနှင့် သူတို့ကြိုက်နှစ် သက်သောနည်းများဖြင့် ကျွန်ုပ်တို့ လုပ်ကိုင်ပါသည်။

မိတ်ဆွေများ  သို့မဟုတ် မိသားစုနှင့် ကောင်းသောဆက်ဆံရေးများ၊ ပညာသင်ရန် သို့မဟုတ် အလုပ်ရှာဖွေရန် အဆင်သင့်ဖြစ်စေရေး သို့မဟုတ် နေ့စဉ်ဘဝအတွက် ကျွမ်းကျင်မှုများကို တိုးတက်ရေး ကဲ့သို့ သူတို့၏ ရည်မှန်းချက်များ ရောက်ရှိအောင် သူတို့ ရောက်လှမ်း စဉ် လူများအား ကျွန်ုပ်တို့သည် ပံ့ပိုးပေးပါသည်။ လူအများအပြားသည် လူများနှင့် မည်သို့ပြောဆိုပြီးမိတ်ဆွေဖွဲ့ရန် လေ့လာသင်ယူရာ တွင် သို့မဟုတ် ပြန်လည်သင်ယူရာတွင် Ermha ၏ပံ့ပိုးမှုကို ယူကြသည်၊ ထို့ကြောင့် သူတို့သည် အခြားသူများနှင့် ပို၍ သက်သောင့် သက်သာ ဖြစ်ပါသည်။ ကျန်းမာရေးနှင့် အိမ်ယာ ဝန်ဆောင်မှုများ ကဲ့သို့ အခြားဝန်ဆောင်မှုများထံမှ အကူအညီရရှိရန် ကိုလည်း လူများ အား Ermha ကပံ့ပိုးပေးပါသည်။

1300 376 421
www.ermha.org

ermha
YOUR LIFE TOGETHER

Ermha တွင် ယုံကြည်မှုအပေါ် အခြေခံသော လူများနှင့် ဆက်ဆံရေးများကို ကျွန်ုပ်တို့ ဖန်တီးပါသည်။ လူများအနေဖြင့် မိမိတို့၏ ရည်မှန်းချက်များ အောင်မြင်အောင် လုပ်ရာတွင် သူတို့ သုံးနိုင်သည့် ကိုယ့်အားကိုယ်ကိုးစိတ် တည်ဆောက်ရာ၌ လူများအား ဖြစ်နိုင် အောင် ဤအခြေခံအုပ်မြစ်သည် ဆောင်ရွက်ပေးပါသည်။

Ermha သည် တစ်ဦးချင်း တွေ့ဆုံခြင်းဖြင့်၄င်း၊ သို့မဟုတ် အဖွဲ့ငယ်ဖြင့် တွေ့ဆုံခြင်းဖြင့်၄င်း လူများအား ထောက်ပံ့သည်။ ဥပမာ- အနုပညာ ဖန်တီးရန်နှင့် ကမ္ဘာတစ်ဝန်းမှ ချက်ပြုတ်ပုံကို အခြေခံသော အစားအစာ ချက်ပြုတ်ခြင်းအားဖြင့် Ermha ကိုအသုံးပြုသူ လူများအား စုစည်းပေးပါသည်။

## လျှပ်တစ်ပြက် အကြောင်းချင်းရာများ

Ermha သည် နိုင်ငံပေါင်း 25 နိုင်ငံမှ လူများနှင့် လုပ်ကိုင်ပါသည်။

Ermha သည် အစိုးရအဖွဲ့အစည်းတစ်ခု မဟုတ်ပါ။

Ermha ၏ ဝန်ဆောင်မှုများကို သုံးသည့်လူများသည် မိမိသဘောအလျောက် သုံးကြသည်။

Ermha ၏ ဝန်ဆောင်မှုများသည် အခမဲ့ ဖြစ်သည်။

Ermha သည် လူများ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များအပေါ် အလွန် ဂရုစိုက်သည်။

Ermha သည် လူများနှင့် ဆက်သွယ်ရာတွင် တတ်ကျွမ်းသည့်အတတ်ပညာရှင် စကားပြန်များကို သုံးသည်။

Ermha ၏ ဝန်ဆောင်မှုများကို လူများအား မိမိတို့၏ အသက်၊ လိင်၊ ကျွမ်းကျင်မှုများ၊ အရည်အချင်းများ၊ ဘာသာရေး၊ တိုင်းရင်းလူမျိုး သို့မဟုတ် ဗီဇအဆင့်အတန်း တို့ကိုမခွဲခြားဘဲ အလိုရှိစေသည်။

1300 376 421
**www.ermha.org**